ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

ဝန်ကြီးရုံး

နေပြည်တော်

ဆောက်လုပ်ရေး
ဝန်ကြီးရုံး

### အမိန့်ကြော်ငြာစာအမှတ် ( ၃၅၂ / ၂၀၁၈ )

၁၃၈၀ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်
( ၂၀၁၈ ခုနှစ် ၊ ဒီဇင်ဘာလ ၄ ရက် )

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေ ပုဒ်မ ၃၉ ၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည် ။

၁။ ဤနည်းဥပဒေများကို **စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ** ဟုခေါ်တွင်စေရမည် ။

၂။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ ၊ နည်းဥပဒေ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၅။ တည်ထောင်သူသည် စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်မှု လုပ်ငန်းအတွက် နိုင်ငံတော်အတွင်းရှိ ဘဏ်တစ်ခုခုတွင် ဘဏ်စာရင်း သီးခြားဖွင့်လှစ်ထားရှိရမည်။ တည်ထောင်ခွင့် လျှောက်ထားရာ၌ အဆိုပါဘဏ်စာရင်းတွင် စုစုပေါင်း ကုန်ကျစရိတ်တန်ဖိုး၏ ၁၅ ရာခိုင်နှုန်း ညီမျှသော ပမာဏ သို့မဟုတ် ရင်းနှီး မြှုပ်နှံမှုပမာဏကြီးမားသော စုပေါင်းပိုင် အဆောက်အအုံ စီမံကိန်းများတွင် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီက သတ်မှတ်ထားသည့် ပမာဏကို ထည့်သွင်းထားသည့် ဘဏ်စာရင်း အထောက်အထားတင်ပြရမည် ။"

၃။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ ၊ နည်းဥပဒေ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၀။ ပုဂ္ဂလိကမြေပေါ်တွင် တည်ဆောက်ထားသည့် ဥပဒေ ပုဒ်မ ၁၂ ၊ ပုဒ်မခွဲ (က) ပါ ဆောက်လုပ်ပြီး သို့မဟုတ် ဆောက်လုပ်ဆဲ အဆောက်အအုံများသည် ဥပဒေ ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်များ နှင့် ညီညွတ်ပါက စုပေါင်းပိုင် အဆောက်အအုံအဖြစ် ပြောင်းလဲလိုလျှင် နည်းဥပဒေ အခန်း (၄) ပါ အချက်များ နှင့်အညီ လိုက်နာ ဆောင်ရွက်ရမည် ။"

၄။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ ၊ နည်းဥပဒေ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၁။ တည်ထောင်သူသည် နိုင်ငံတော်ပိုင်မြေ တစ်ခုခုပေါ်တွင် စုပေါင်းပိုင် အဆောက်အအုံကို တည်ထောင်ရာတွင် ဥပဒေ ပုဒ်မ ၁၅ ၊ ပုဒ်မခွဲ (ဂ) ၌

ဖော်ပြထားသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူနိုင်ရန် ဝန်ကြီးဌာန မှတစ်ဆင့် တင်ပြဆောင်ရွက်ရမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပြီးသည့်အခါ နည်းဥပဒေ အခန်း (၄) ပါအချက်များ နှင့်အညီ လိုက်နာဆောင်ရွက်ရမည် ။"

၅။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ ၊ နည်းဥပဒေ ၂၃ ၊ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) စုပေါင်းပိုင်အဆောက်အအုံ တည်ဆောက်သည့် စာချုပ်စာတမ်း နှင့် စာတမ်း အမှတ်အသားများ ၊ ကျမ်းကျိန်လွှာ သို့မဟုတ် ကတိသစ္စာပြုလွှာ ၊ အမည်ပေါက် မြေပိုင်ဆိုင်မှု အထောက်အထား ၊ မြွက်ဟကြေငြာချက် ၊ မြေပိုင်ရှင် နှင့် ချုပ်ဆိုထားသော မြေအရောင်းအဝယ်စာချုပ် နှင့် အခြားလိုအပ်သည့် စာရွက် စာတမ်း အထောက်အထားများကို ပြည့်စုံခိုင်လုံမှု ရှိ ၊ မရှိ စိစစ်ကြည့်ရှုရမည် ။"

၆။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ ၊ နည်းဥပဒေ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၈။ စုပေါင်းပိုင် အဆောက်အအုံ တည်ဆောက်ဆောက်လုပ်ရာတွင် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် စံချိန်စံညွှန်း သတ်မှတ်ချက်များ နှင့်သော်လည်းကောင်း ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များက ထုတ်ပြန်သော စံချိန်စံညွှန်း သတ်မှတ်ချက်များ နှင့်သော်လည်းကောင်း ၊ သက်ဆိုင်ရာ ဒေသမှ စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့များက ထုတ်ပြန်သော စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် သော်လည်းကောင်း ညီညွတ်မှု ရှိရမည် ။"

ဆောက်လုပ်ရေး ★ ★ ဝန်ကြီးရုံး

၇။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ ၊ နည်းဥပဒေ ၃၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၄။ တည်ဆောက်သူ ၊ ပူးတွဲတည်ဆောက်သူ နှင့် စုပေါင်းပိုင်သူတို့သည် စုပေါင်းပိုင် အဆောက်အအုံရှိ အိမ်ခန်းများကို နိုင်ငံခြားသားသို့ ရောင်းချပါ က ယင်းစုပေါင်းပိုင် အဆောက်အအုံ၏ ရောင်းချရသော စုစုပေါင်း အိမ်ခန်း၏ ၄၀ ရာခိုင်နှုန်းထက် မပိုစေရ။ အဆိုပါ ရာခိုင်နှုန်းထက် ကျော်လွန်ခြင်း ရှိမရှိကို မှတ်ပုံတင်အရာရှိထံတွင် ဦးစွာစုံစမ်းပြီး ကျော်လွန်ခြင်း မရှိမှသာ ရောင်းချနိုင်သည် ။"

၈။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ ၊ နည်းဥပဒေ ၃၅ ၊ ၃၆ နှင့် ၃၇ တို့ကို ပယ်ဖျက်ရမည် ။

၉။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ ၊ နည်းဥပဒေ ၄၄ ၊ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) စုပေါင်းပိုင်သူသည် အိမ်ခန်းကို ဥပဒေ ပုဒ်မ ၂၀ ပါ လွှဲပြောင်းခြင်း တစ်ရပ်ရပ်ဖြင့် လွှဲပြောင်းသည့်အခါ ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့်

စီမံခန့်ခွဲရေးကော်မတီက သတ်မှတ်ထားသော မှတ်ပုံတင်ကြေးကို ပေးဆောင်ရမည်။ အဆိုပါ မှတ်ပုံတင်ကြေးကို ပြည်ထောင်စုနယ်မြေဖြစ်ပါက နေပြည်တော်ကောင်စီသို့ လည်းကောင်း ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အတွင်းဖြစ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ လည်းကောင်း ပေးသွင်းရမည်။"

၁၀။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ ၊ နည်းဥပဒေ ၄၈ ၊ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(က) စုပေါင်းပိုင်အဆောက်အအုံ တည်ဆောက်သည့် စီမံကိန်းကာလ အတွင်းနှင့် စီမံကိန်းပြီးစီးပြီး နှစ်နှစ်ကာလအတွင်း တည်ဆောက်ပြီး အိမ်ရာများကို ထိန်းသိမ်းစောင့်ရှောက်ရမည်။ နှစ်နှစ်ပြည့်ပြီးသော်လည်း ယာယီအဖွဲ့တရားဝင် မဖွဲ့စည်းရသေးမီ အချိန်ကာလအတွင်း တည်ဆောက်ပြီးအိမ်ရာများ၏ ထိန်းသိမ်းစောင့်ရှောက်မှုကို တာဝန်ယူဆောင်ရွက်ရမည် ။"

၁၁။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ ၊ နည်းဥပဒေ ၅၄ ၊ နည်းဥပဒေခွဲ (က) ၊ နည်းဥပဒေခွဲငယ် (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၁) အသင်း၏ အစည်းအဝေးများသို့ တက်ရောက်ခွင့် နှင့် မူလအချိုးသင့်ပိုင်ဆိုင်မှု အစုတန်ဖိုး နှင့်အညီဆန္ဒမဲပေးပိုင်ခွင့် ရှိသည် ။"

၁၂။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ ၊ နည်းဥပဒေ ၆၇ ၊ နည်းဥပဒေခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) အသင်းဝင် တစ်ဦး သို့မဟုတ် ၎င်း၏ တရားဝင် ကိုယ်စားလှယ်သည် မူလအချိုးသင့် ပိုင်ဆိုင်မှု အစုတန်ဖိုး နှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့် ရှိသည် ။"

၁၃။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ ၊ နည်းဥပဒေ ၈၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၀။ တည်ထောင်သူသည် စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်ဆောက်လုပ်နေစဉ် အတွင်း ခိုင်လုံသောအကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ လုပ်ငန်းရပ်ဆိုင်း နေကြောင်းသက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီက စိစစ်တွေ့ရှိလျှင် စုံစမ်း စစ်ဆေးရေးအဖွဲ့ တစ်ရပ်ကို ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးစေပြီး အစီရင်ခံစာ တင်ပြစေရမည် ။"

( ဟန်ဇော် )
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၈ / ဥပဒေ-၁ / ထွေ(မိန့်) / ၂၀၁၈ ( စီ ၅၃၄၁)
ရက် ခွဲ ၊ ၂၀၁၈ ခုနှစ် ၊ ဒီဇင်ဘာလ ၄ ရက်

MA/2016(Order)PC-3

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး

သမ္မတဦးစီးရုံး

ဒုတိယသမ္မတ(၁) ဦးစီးရုံး

ဒုတိယသမ္မတ(၂) ဦးစီးရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီရုံး

တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ရုံးအားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ်၊ } မြန်မာနိုင်ငံပြန်တမ်းတွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်။

ညွှန်ကြားရေးမှူးချုပ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန
ရုံးလက်ခံ/မျှောစာတွဲ

အမိန့်အရ

ဝင်းတင့်
အမြဲတမ်းအတွင်းဝန်